# နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 84 , December 30, 2020)

၁။ NLD ပါတီ က ကချင် နိုင်ငံရေးပါတီများနှင့် စတင်တွေ့ဆုံမည်

၂။ ၇၃ နှစ်မြောက် ကချင်ပြည်နယ်နေ့ ပြည်နယ်အစိုးရအစီစဉ်ဖြင့်သာ ကျင်းပမည်

၃။ ကချင်ပြည်နယ်တွင် မြေလွတ်မြေလပ် ဧက ၁၀ သန်းနီးပါး ကို ၅ နှစ်အတွင်းချပေးခဲ့

၄။ ကချင်တစ်ပြည်နယ်လုံးတွင် ရွေးကောက်ပွဲ အသုံးစရိတ်မတင်သော ကိုယ်စားလှယ်လောင်း ၂ ဦးသာရှိ

၅။ ကချင်ပြည်နယ် မဲဆွယ်ဆိုင်းဘုတ်မှ ကျပ်သိန်းတစ်ရာကျော် အခွန်ရရှိ

၆။ တပ်စခန်းများ ပြန်ရုပ်သိမ်းရေး လူထုလှုပ်ရှားမှု ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်မည်ဟု သံလွင်ငြိမ်းချမ်းရေး ဥယျာဉ် ညီလာခံ၌ ဆုံးဖြတ်

၇။ လာမည့်အစိုးရ ၅နှစ်သက်တမ်းတွင် တိုင်းရင်းသားအရေး ဦးစားပေးမည်ဟု ကရင်လွှတ်တော် ဥက္ကဌပြော

၈။ ဖာပွန် စစ်ရေးဂယက်ကြောင့် ဒေသခံ ၃,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရ KNU ပြောဆို

၉။ ကရင်ပြည်နယ်၏ အသုံးစရိတ် ၈၆ ရာခိုင်နှုန်းကို ပြည်ထောင်စုမှ ထောက်ပံ့ခဲ့ရ

၁၀။ အစိုးရသစ်မှာ တိုင်းရင်းသားပါတီများနေရာပေးလာမည်ဟု မျှော်လင့်ကြောင်း ချင်းလူမှုရေးဝန်ကြီးဆို

၁၁။ NCA လက်မှတ်ထိုးသည့်အပေါ် အခွင့်ကောင်းယူ၍ အစိုးရအုပ်ချုပ်ရေးနှင့် တပ်မတော်စစ်ရေးနယ်မြေချဲ့ထွင်လာမှုကြောင့် တိုက်ပွဲများပြန်ဖြစ်လာဟု KNU ဆို

၁၂။ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေသို့လာရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်

၁၃။ မွန်နိုင်ငံရေးပါတီနှင့် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အတွက်ဖြစ်ရမည်ဟု ၉ ကြိမ်မြောက် မွန်လူငယ်များ နေ့ ကြေညာချက်ထုတ်ပြန်

၁၄။ ရှမ်းတပ်နှင့် တအန်း တပ်တို့ ခရစ္စမတ်နေ့တွင် တိုက်ပွဲဖြစ်

၁၅။ ကလေး မုဒိန်းလူသတ်မှု SSPP သေဒဏ်ပေး

၁၆။ ရှမ်းမြောက်ဒေသ ကချင်စစ်ရှောင်များ ခရစ္စမတ် အပြီး နေရပ်ပြန်မည်

၁၇။ ကိုးနှစ်ကျော်ကြာမှ နေရပ်တွင် ခရစ္စမတ်ပွဲကျင်းပနိုင်သည့် ကချင် စစ်ရှောင်များ

၁၈။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်လာရန် တိုင်းရင်းသားခေါင်းဆောင်များ မျှော်လင့်

၁၉။ နောင်မွန်း ဒေသခံများ အင်တာနက် ကောင်းအောင် လုပ်ပေးရန် တောင်းဆို

၂၀။ ရှမ်းမြောက်ဒေသခံများ အခွန်အကောက်ဒဏ်ဝိ

၂၁။ ရွေးကောက်ပွဲအနိုင်ရ TNP လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကန့်ကွက်လွှာတင်သွင်းခံရ

၂၂။ ကျိုင်းတုံစက်မှုဇုန်အတွက် မြေသိမ်းခံရမှုကို မကန့်ကွက်ရန် ခြိမ်းခြောက်ခံရ

၂၃။ စစ်တွေမြို့ဒိုးတိုက်ကွင်း ကျူးကျော်အိမ်များ မတ်၃၁ရက်နောက်ဆုံးထား ဖြိုဖျက်ရန်အကြောင်းကြား၊ ကိုဗစ်ကာလ ပြောင်းရွှေ့ရန်အခက်အခဲရှိဟုနေထိုင်သူများဆို

၂၄။ ကိုးလကျော်ကြာအဆက်အသွယ်မရ ပျောက်ဆုံးနေသည့်တင်းမရွာသား ၁၈ဦးကိစ္စကို မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှစစ်ဆေးမည်

၂၅။ ပလက်ဝ မြို့မှ မောင်စိုးလင်း၏အမှု တပ်ဖက်မှတရားလိုသက်သေများမရောက်၍ မစစ်ဆေးနိုင်သည်မှာ လေးကြိမ်ထိရှိ

******************

## ၁။ NLD ပါတီ က ကချင် နိုင်ငံရေးပါတီများနှင့် စတင်တွေ့ဆုံမည်

(29 December 2020)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ မှ တိုင်းရင်းသားနိုင်ငံရေးပါတီများဖြင့်တွေ့ဆုံဆွေးနွေးသွားမည့်အစီစဉ်တွင် ပထမဆုံးအဖြစ် ကချင်ပြည်နယ်ကို လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၉ ရက်နေ့ နေပြည်တော် NLD ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးမှ သိရသည်။

ကချင်ပြည်နယ်ရှိ NLD ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီးနောက် တိုင်းရင်းသားနိုင်ငံရေးပါတီများဖြင့် ဆက်လက်တွေ့ဆုံသွားမည်ဖြစ်ကြောင်း တာဝန်ပေးခံရသော ၃ ဦးအဖွဲ့မှ ဦးအင်ထုံးခါးနော်ဆမ် ထံမှ သိရသည်။ ကချင်ပြည်နယ်အပြီး မွန်ပြည်နယ်သို့ဆက်လက်သွားရောက်မည်ဖြစ်ပြီး ပြည်နယ် ၂ ခုရှိ တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များကို NLD ဗဟိုသို့ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်တွင် ပြည်နယ်လွှတ်တော် ၃ နေရာနှင့် ပြည်သူ့လွှတ်တော် ၁ နေရာအနိုင်ရရှိထားသော ကချင်ပြည်နယ်ပြည်သူ့ပါတီ KSPP ပါတီ ဥက္ကဋ္ဌ ဒေါက်တာမနမ်တူးဂျာကို မေးမြန်းကြည့်ရာ ထွေထွေထူးထူး ပြောပြစရာ မရှိသေးကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ https://burmese.kachinnews.com/2020/12/29/12/

******************

## ၂။ ၇၃ နှစ်မြောက် ကချင်ပြည်နယ်နေ့ ပြည်နယ်အစိုးရအစီစဉ်ဖြင့်သာ ကျင်းပမည်

(27 December 2020)

(၇၃) နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ကိုဗစ်-၁၉ ရောဂါအခြေနေအရ ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၀ ကချင်ပြည်နယ်နေ့တွင်လည်းဈေးရောင်းပွဲတော်ဖြင့်သာကျင်းပခဲ့ကြပြီး ဖေဖော်ဝါရီလတွင် လူငယ်မနောင် အကအဖြင့် ဆက်လက်ပြုလုပ်ခဲ့သည်။ ပြီးခဲ့သောနှစ် မနောင်ကွင်းတွင် ခြိမ့်ခြိမ့်သဲသဲ ပွဲကျင်းပခဲ့သည်နည်းတူ ယခုနှစ်တွင် ကျင်းပနိုင်မည်မဟုတ်ကြောင်းနှင့် ကချင်ပြည်နယ်အစိုးရရုံးအဝင်းတွင် လူဦးရေ (၁၃၆) ခန့်ဖြင့်သာ ကျင်းပသွားမည် ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးအတွင်းရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

၁၉၄၈ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့ လွတ်လပ်ရေး ရရှိခဲ့ပြီးနောက် ၆ ရက်အကြာတွင် ဇန်နဝါရီလ (၁၀)နေ့အား ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပေးလိုက်သည်။ https://burmese.kachinnews.com/2020/12/27/1-19/

***************

## ၃။ ကချင်ပြည်နယ်တွင် မြေလွတ်မြေလပ် ဧက ၁၀ သန်းနီးပါး ကို ၅ နှစ်အတွင်းချပေးခဲ့

(23 December 2020)

NLD အစိုးရ ၅ နှစ်သာ သက်တမ်းအတွင်း ကချင်ပြည်နယ် မြေလွတ်မြေလပ်မြေရိုင်း လုပ်ပိုင်ခွင့်ချထားပေးသည့် မြေဧကပေါင်း ၁၀ သန်းနီးပါး (၉၇၁၅၄၃၁ ဧက) ရှိကြောင်း ကချင်ပြည်နယ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (SNU) ၏ ဒီဇင်ဘာလ ၁၉ ရက်နေ့ လူထုအမြင်ဖွင့် ပညာပေးအစီအစဉ် မှ သိရသည်။

သို့သော် ၂၀၁၈ ပြင်ဆင်လိုက်သည့် မြေလွတ် မြေလပ် မြေရိုင်း ဥပဒေသည် ဒေသခံတောင်သူများအတွက် နစ်နာမှုရှိသော ဥပဒေဖြစ်နေကြောင်း မေတ္တာဖောင်ဒေးရှင်း အရပ်ဘက်အဖွဲ့အစည်းက ထောက်ပြပြောဆိုသွားခဲ့သည်။ အဆိုပါအဖွဲ့၏ တွေ့ရှိချက်တွင် လုပ်ငန်းရှင်များအနေနဲ့ လုပ်ပိုင်ခွင့်အမြန်ရရှိကြသော်လည်း ဒေသခံတောင်သူများလျှောက်လျှင် အချိန်ကြန့်ကြာခြင်း၊ ဒေသခံကျွဲနွားများ စားကျက်မြေဆုံးရှုံးခြင်း၊ တောင်သူများ မိမိပိုင်ဆိုင်သောမြေတွင် လုပ်ကိုင်သော်လည်း ဥပဒေအရ ကျူးလွန်သူများဖြစ်နေခြင်း၊ ဥပဒေ နည်းဥပဒေများအရ တောင်သူများမြေနေရာလျှောက်ယူမှု ကျဉ်းသွားခြင်း စသည့် အချက်များစွာ ရှိနေကြောင်း မေတ္တာဖောင်ဒေးရှင်းမှ ဆရာမ ဘောက်ရာ က ဖော်ပြထားခဲ့သည်။

မြေလွတ် မြေလပ် မြေရိုင်းဥပဒေ စီမံခန့်ခွဲရေး ဥပဒေအား ၂၀၁၂ ခုနှစ်တွင်စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇တွင် ပြန်လည်ပြင်ဆင်ခဲ့ပြီးနောက် ၂၀၁၈ စက်တင်ဘာလ ၁၁ ရက်နေ့ ထပ်မံပြန်လည်ပြင်ဆင်ခဲ့သည်။ အဆိုပါ ၂၀၁၈ ခုနှစ် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းသော ဥပဒေသည် ဒေသခံများ၏ မူလမြေပိုင်ဆိုင်မှုကို ခြိမ်းခြောက်စေကြောင်း ထိုအချိန်က ကန့်ကွက်မှုများစွာရှိခဲ့သည်။ https://burmese.kachinnews.com/2020/12/23/1-14/

***************

## ၄။ ကချင်တစ်ပြည်နယ်လုံးတွင် ရွေးကောက်ပွဲ အသုံးစရိတ်မတင်သော ကိုယ်စားလှယ်လောင်း ၂ ဦးသာရှိ

(24 December 2020)

ကချင်ပြည်နယ်တွင် ၂၀၂၀ ပါတီစုံအထွေထွေရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ရွေးကောက်ပွဲအသုံးစရိတ်တင်နိုင်ခြင်းမရှိသည့် ကိုယ်စားလှယ် ၂ဦးသာရှိကြောင်း ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။

အဆိုပါကိုယ်စားလှယ်လောင်း ၂ဦးသည် ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြည်နယ်မဲဆန္ဒနယ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ကချင်ပြည်နယ်ပြည်သူ့ပါတီမှ ဦးဒွဲလာ မိုးမောက်မြို့နယ် မဲဆန္ဒနယ်(၁)မှ ဝင်ရောက်ယှဉ်ပြိုင်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးဇော်ထွန်းတို့ဖြစ်ကြောင်း ရွေးကောက်ပွဲအရာရှိ ဦးထွန်းအောင်ခိုင်ကဆိုသည်။

ပြီးခဲ့သည့် ၂၀၂၀ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ပြည်သူ့လွှတ်တော်တွင် ၄၁၀ ဦးရှိခဲ့သည့်အနက် ခိုင်လုံမဲမရရှိသဖြင့် ရွေးကောက်ပွဲအာမခံငွေဆုံးရှုံးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈၅ ဦးထိရှိခဲ့သည်။ https://burmese.kachinnews.com/2020/12/24/1-16/

**************

## ၅။ ကချင်ပြည်နယ် မဲဆွယ်ဆိုင်းဘုတ်မှ ကျပ်သိန်းတစ်ရာကျော် အခွန်ရရှိ

(27 December 2020)

ကချင်ပြည်နယ်တွင် အထွေထွေရွေးကောက်ပွဲအတွင်း နိုင်ငံရေးပါတီများအသုံးပြုခဲ့သည့် ဆိုင်းဘုတ်မှရရှိသည့်အခွန်တစ်ပြည်နယ်လုံး ကျပ်သိန်းတစ်ရာကျော်ရှိကြောင်း သိရသည်။

၂၀၂၀ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကချင်ပြည်နယ်တွင် နိုင်ငံရေးပါတီပေါင်း ၁၇ ပါတီယှဉ်ပြိုင်ခဲ့ပြီး စည်ပင်ဧရိယာအတွင်း ပါတီအောင်နိုင်ရေးဆိုင်းဘုတ် အခွန်ငွေစုစုပေါင်း ကျပ် (၁၀၁၇၇၂၆၂) ထိ ကောက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း စည်ပင်ဝန်ကြီး ဦးနော်လီက ပြောသည်။ ကောက်ခံရရှိသည့်အခွန်ငွေများသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ စာရင်းများအရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၅ဖွဲ့ရှိပြီးမှ ရရှိသည့် အခွန်ငွေများဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

၂၀၂၀ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်တစ်ပြည်နယ်လုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီပေါင်း ၁၇ပါတီရှိကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်း ၅၀၃ ဦးရှိသည်။

https://burmese.kachinnews.com/2020/12/27/1-18/

****************

## ၆။ တပ်စခန်းများ ပြန်ရုပ်သိမ်းရေး လူထုလှုပ်ရှားမှု ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်မည်ဟု သံလွင်ငြိမ်းချမ်းရေး ဥယျာဉ် ညီလာခံ၌ ဆုံးဖြတ်

(December 24, 2020)

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နယ်နိမိတ်အတွင်း အခြေစိုက်ထားသည့် မြန်မာ့တပ်မတော် စစ်စခန်းများကို လာမည့်နှစ်အတွင်း ပြန်လည်ရုပ်သိမ်းရေးအတွက် လူထုလှုပ်ရှားမှု ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်၏ ဒုတိယအကြိမ်မြောက် ညီလာခံအပြီး ထုတ်ပြန်ချက်၌ဆိုထားသည်။

ယခင်စစ်ကြောင့် မိမိနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသူများအတွက် ၎င်းတို့၏ ဘိုးဘွားပိုင်နေရပ်ရင်းသို့ ပြန်လည်နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် အခြေချစစ်စခန်းများ ဆုတ်ခွာရေးကို ပြုလုပ်သွားမည်ဖြစ်သည်ဟု ယခုလ ၁၆ ရက်မှ ၁၈

ရက်နေ့အထိ KNU-ကရင်အမျိုးသားအစည်းအရုံး မူတြော်(ဖာပွန်) ခရိုင်၌ ပြုလုပ်ခဲ့သည့် ယင်းညီလာခံအတွင်း ပါဝင်တက်ရောက်လာသူ ကိုယ်စားလှယ်များက ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစိုးရနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးတို့အကြား အပစ်ရပ်လက်မှတ်ရေးထိုးထားသော်လည်း ဖာပွန်ဒေသတွင် အစိုးရ တပ်စခန်းများတိုး၍ အခိုင်အမာတည်ဆောက်ခြင်းနှင့် စစ်ရေးလှုပ်ရှားမှုများ ပိုမိုလုပ်ဆောင်လာခြင်းကြောင့် နှစ်ဖက်တင်းမာမှုများဖြစ်ပေါ်လျက်ရှိပြီး ဒေသခံအချို့ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသလို အချို့မှာ အစိုးရစစ်စခန်းများ ဆက်လက်တည်ရှိနေခြင်းကြောင့် မိမိ နေရပ်ရင်းသို့ ပြန်လည်မဝင်ရောက်နိုင်သူများစွာရှိကြောင်း အရပ်ဖက်အဖွဲ့အစည်းများက ဆိုသည်။ http://kicnews.org/2020/12/

****************

## ၇။ လာမည့်အစိုးရ ၅နှစ်သက်တမ်းတွင် တိုင်းရင်းသားအရေး ဦးစားပေးမည်ဟု ကရင်လွှတ်တော် ဥက္ကဋ္ဌပြော

(December 23, 2020)

လာမည့် အစိုးရ ၅နှစ်သက်တမ်းတွင် လွှတ်တော်၌ တိုင်းရင်းသားအရေးကိစ္စများအတွက် ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ်၏ လွှတ်တော်ဥက္ကဋ္ဌ စောချစ်ခင်က ကေအိုင်စီသို့ ပြောသည်။

ယခု ကရင်ပြည်နယ်လွှတ်တော်သက်တမ်း ၅နှစ်အတွင်း တိုင်းရင်းသားအရေးကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းသားတို့၏ စာပေ ယဉ်ကျေးမှု၊ အလုပ်အကိုင်ရရှိရေးကိစ္စတင်ပြခြင်းများရှိခဲ့ပြီး နောင်၅နှစ်သက်တမ်းအတွင်း တိုင်းရင်းသားအရေး လုပ်စရာကိစ္စများစွာကျန်ရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌက ဆက်ပြောသည်။ ကရင်ပြည်နယ်အတွက် နောင်လာမည့် အစိုးရသစ်သက်တမ်းအတွင်း တိုင်းရင်းသားအရေးအပြင် အလုပ်အကိုင်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း လွှတ်တော်ဥက္ကဋ္ဌ စောချစ်ခင်က ပြောသည်။

ပြည်နယ်လွှတ်တော်၏ စွမ်းဆောင်ချက်များကို လေ့လာစုဆောင်းထားသည့် RISE အဖွဲ့၏သုတေသနပြုချက်ထဲတွင် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာမေးခွန်းများ မေးမြန်းမှု အားနည်းခြင်းနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကလည်း နိုင်ငံသားနှင့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာမေးခွန်းများကို လွှတ်တော်တွင်း အဆိုတင်သွင်းမှုမရှိသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားပြီး အကြံပြုချက်အဖြစ် တိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်/ဝန်ကြီးများအနေဖြင့် တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများကို ပိုမိုဆောင်ရွက်သင့်ကြောင်း ပါရှိသည်။ http://kicnews.org/2020/12/

***************

## ၈။ ဖာပွန် စစ်ရေးဂယက်ကြောင့် ဒေသခံ ၃,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရ KNU ပြောဆို

(December 28, 2020)

ဖာပွန်ဒေသ၊ မယ်ဝေ(မဲပိုင်)ကျေးရွာအနီး ဝန်းကျင်ဖြစ်ပွားခဲ့သော အစိုးရတပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၅)လက်အောက်ခံ တပ်ရင်းတို့အကြား စစ်ရေးတင်းမာမှု ဂယက်များကြောင့် ဒေသခံရွာသား ၃,၀၀၀(သုံးထောင်) ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း KNU ဘက်က ပြောသည်။

ၚင်းဒေသတွင် အစိုးရတပ်မတော်ဘက်မှ တပ်မတော် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ-၈)လက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ-၃၃၉)က အဓိက လှုပ်ရှားနေပြီး KNU ဘက်မှ တပ်မဟာ (၅) လက်အောက်ခံ KNLA (၁၀၂) တပ်ရင်းတို့ အဓိကအ ခြေချလှုပ်ရှားနေကာ ပြီးခဲ့သည့် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ နှစ်ဖက်ပစ်ခတ်မှုများ စတင်ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၅ရက်နေ့က KNLA ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် တပ်မတော်သားအချို့ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လက်ရှိအရပ်သား ထွက်ပြေးတိမ်းရှောင်နေရမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရ တာဝန်ရှိသူများကို ဆက်သွယ် မေးမြန်းထားသော်လည်း ယနေ့ ဒီဇင်ဘာလ ၂၈ရက်နေ့ ညနေပိုင်းအထိ တစ်စုံတစ်ရာ တုန့်ပြန်ပြောကြားခြင်း မရှိသေးပေ။
http://kicnews.org/2020/12/

*****************

## ၉။ ကရင်ပြည်နယ်၏ အသုံးစရိတ် ၈၆ ရာခိုင်နှုန်းကို ပြည်ထောင်စုမှ ထောက်ပံ့ခဲ့ရ

(December 27, 2020)

၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်၏ ကရင်ပြည်နယ်ဘတ်ဂျက်ရငွေထဲတွင် ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ပေးရသည့်ငွေမှာ ၈၆ ရာခိုင်နှုန်းရှိသည်ဟု ကရင်ပြည်နယ်၏ ယခုနှစ်ထုတ်ပြန်သည့် ရသုံးမှန်းခြေငွေစာရင်းစာစောင်တွင် ဖော်ပြထားသည်။

ယခု ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၏ အသုံးစရိတ် ဘတ်ဂျက်ရငွေကျပ် ၁၄၅,၂၉၆.၂၇၈သန်းရှိပြီး ထိုအထဲတွင် ပြည်နယ်မှ ကိုယ်တိုင်ရှာဖွေရငွေ ၄ရာခိုင်နှုန်း၊ ကြွေးမြီရငွေ ၁၀ရာခိုင်နှုန်းနှင့် ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေ ၈၆ရာ ခိုင်နှုန်းရှိသည်ဟု ပါရှိသည်။ ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေများထဲတွင် အခွန်ဝေစု၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေဟူ၍ အမျိုးအစားသုံးခု ပါဝင်သည်ဟုလည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်သူ့အ တွက် ရသုံးမှန်းခြေငွေစာရင်း စာစောင်တွင် ဖော်ပြထားသည်။

ကရင်ပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် လတ်တလော နှစ်များတွင် ရှာဖွေရငွေမှာ တိုးတက်မှုမရှိခဲ့ကြောင်းလည်း ဘတ်ဂျက်စာစောင်တွင် ဖော်ပြထားသည်။ ယခုအစိုးရသက်တမ်း၌ ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် ၄ခုတွင် ကရင်ပြည်နယ် ဘတ်ဂျက်အသုံးစရိတ်သည် သိသာစွာ မြင့်တက်လာခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်၏အသုံးစရိတ်သည် ကျပ်သန်းပေါင်း ၉၁,၀၁၉.၉၂၃ ရှိရာမှ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၁၄၅,၂၉၆.၂၇၈အထိ တိုးမြင့်လာကြောင်း အဆိုပါစာစောင်တွင် ဖော်ပြထားချက်အရ သိရသည်။

http://kicnews.org/2020/12

****************

## ၁၀။ အစိုးရသစ်မှာ တိုင်းရင်းသားပါတီများနေရာပေးလာမည်ဟု မျှော်လင့်ကြောင်း ချင်းလူမှုရေးဝန်ကြီးဆို

(DECEMBER 23, 2020)

ချင်းပြည်နယ်တွင် အသစ်တက်လာမည့် အစိုးရအဖွဲ့သစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင်များသာမက ဒေသတွင်းတိုင်းသားပါတီများကိုလည်း ပြန်လည်ဖိတ်ခေါ်ပါဝင်စေမည်ဟု မျှော်လင့်ကြောင်း လက်ရှိ ချင်းပြည်နယ်၏ လူမှုရေး ဝန်ကြီး ဦးပေါင်လွှန်မင်းထန်ကပြောသည်။

ချင်းနိုင်ငံရေးလေ့လာသူတစ်ဦးဖြစ်သည့် Chin MATA အဖွဲ့မှ ကိုအင်ဒရူးထားတွောင်ကလည်း NLD ပါတီအနေဖြင့် အစိုးရသစ်ဖွဲ့စည်းသည့်အခါ ဒေသတွင်တိုင်းရင်းသားပါတွေကိုလည်း နေရာပေးသင့်သည်ဟု ပြောသည်။ ချင်းပြည်နယ်တွင် အစိုးရသစ်ဖွဲ့စည်းသည့်အခါ ပြည်သူကို နံဘတ် ၁ ထားရှိပြီး လာဘ်ပေးလာဘ်ယူကင်းရှင်းသည့် အစိုးရမျိုးဖြစ်စေချင်ကြောင်း ချင်းတောင်သဘာဝနှင့် သယံဇာတစောင့်ကြည့်ရေးအဖွဲ့ ဦးဆောင်ပါဝင်သူ ကိုလျန်တွမ်ကပြောသည်။

မဲဆန္ဒနယ်မြေ (၃၉) နေရာရှိသည့် ချင်းပြည်နယ်မှာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ပါတီ (NLD) က (၃၆) နေရာအနိုင်ရရှိခဲ့ပြီး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (ZCD) က (၂) နေရာ၊ ချင်းအမျိုးသားဒီမို ကရေစီအဖွဲ့ ချုပ်(CNLD) က (၁) နေရာအနိုင်ရရှိခဲ့သည်။ https://khonumthung.org/?p=9624

***************

## ၁၁။ NCA လက်မှတ်ထိုးသည့်အပေါ် အခွင့်ကောင်းယူ၍ အစိုးရအုပ်ချုပ်ရေးနှင့် တပ်မတော်စစ်ရေးနယ်မြေချဲ့ထွင်လာမှုကြောင့် တိုက်ပွဲများပြန်ဖြစ်လာဟု KNU ဆို

(၂၃ ဒီဇင်ဘာ ၂၀၂၀)

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့်အပေါ် အခွင့်ကောင်းယူ၍ အစိုးရအုပ်ချုပ်ရေးနှင့် တပ်မတော်စစ်ရေးနယ်မြေချဲ့ထွင်လာမှုကြောင့် တိုက်ပွဲများပြန်ဖြစ်ရကြောင်း KNU ကရင့်အမျိုးသား အစည်းအရုံး တပ်မဟာ ၅ ပြောခွင့်ရ ပဒိုမန်းမန်းက မွန်သတင်းအေဂျင်စီသို့ ပြောသည်။

ငြိမ်းချမ်းရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်ရေးကို ရှေးရှုပြီး မြန်မာ့တပ်မတော်အနေဖြင့် ကျေးရွာအတွင်း ယခင်စခန်းချ တပ်စွဲထားသည့် တပ်စခန်းများနှင့် ထပ်မံတိုးချဲ့ခဲ့သည့် စခန်းများအား ၂၀၂၀ အကုန်တွင် အပြီးအပိုင်ရုတ်သိမ်းပေးရန် ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA က ဒီဇင်ဘာလ ၁ ရက်နေ့စွဲဖြင့် သဘောထားတစ်ရပ် ထုတ်ပြန်ထားသည်။

NCA လက်မှတ်ရေးထိုးတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း NCA-S EAO ၁၀ ဖွဲ့တွင် တပ်မတော်နှင့် မွန်ပြည်သစ်ပါတီ NMSP တို့အကြား အပစ်ရပ်နယ်မြေများသတ်မှတ်ပေးထားသော်လည်း KNU နှင့် RCSS အဖွဲ့များအား သတ်မှတ်ပေးခြင်း မရှိသေးပေ။ http://burmese.monnews.org/2020/12/23/

****************

## ၁၂။ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေသို့လာရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်

(၂၄ ဒီဇင်ဘာ ၂၀၂၀)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ဦးဆောင်သော ဝန်ကြီးများနှင့် ဌာနဆိုင်ရာများတို့သည် မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေ ရေးချောင်းဖျားဒေသ ဝယ်ပေါင်ကျေးရွာသို့ လာရောက်၍ ယနေ့နံနက်ပိုင်းတွင် ဒေသခံတိုင်းရင်းသား များအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမ်းအနားဖြင့် ပြုလုပ်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ရေးချောင်းဖျားဒေသ ဝယ်ဇင်ဒေသအနီးတဝိုက်ရှိ ဒေသခံ ၂၂၀၄ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းနှင့် အိမ်ထောင်စု ၁၇၅၈ စုအတွက် အိမ်ထောင်စုစာရင်းများပြုလုပ်ပေးခြင်းအပြင် ဆန်အိတ် ၂၀၀၊ ဆီပိဿာ ၁၀၀၀ နှင့် ကိုဗစ် ၁၉

ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ဝန်ကြီးချုပ်က မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူးအား ပေးအပ်ခဲ့သည်။ ထိုနောက်သက်ဆိုင်ရာဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများကလည်း သက်ဆိုင်ရာ မွန်ပြည်သစ်ပါတီ ထားဝယ်ခရိုင် တာဝန်ရှိပုဂ္ဂိုလ်များအား ထောက်ပံ့ရေးပစ္စည်းများ အဆင့်ဆင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေတွင် ကျေးရွာပေါင်း (၃၅)ရွာ၊ အိမ်ထောင်စုပေါင်း (၆၀၀၀) ကျော်၊ လူဦးရေ (၃)သောင်းနီးပါးရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောက်စုစာရင်များကို ရေးချောင်းဖျားဒေသ၌ ၂၀၀၈ နှင့် ၂၀၁၄ ခုနှစ်တွင် ၂ ကြိမ်ခန့် သက်ဆိုင်ရာမှ လာရောက်ပြုလုပ်ခဲ့သည်။ http://burmese.monnews.org/2020/12/24/21620/

*****************

## ၁၃။ မွန်နိုင်ငံရေးပါတီနှင့် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အတွက်ဖြစ်ရမည်ဟု ၉ ကြိမ်မြောက် မွန်လူငယ်များနေ့ ကြေညာချက်ထုတ်ပြန်

( ၂၈ ဒီဇင်ဘာ ၂၀၂၀)

မွန်လူငယ်တို့အင်အားသည် မွန်ပြည်သူ မွန်နိုင်ငံရေးပါတီနှင့် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အတွက်ဖြစ်ပါကြောင်း၊ မွန်ဘုရင်ရာဇာဓိရာဇ်၏ "သွားလျှင်ရောက်မြဲ ယူလျှင်ရမြဲ လုပ်လျှင်ဖြစ်မြဲ" အဆိုအမိန့်ကို ယုံကြည်ပါကြောင်း ယနေ့ကျရောက်သည့် ၉ ကြိမ်မြောက်မွန်လူငယ်များနေ့တွင် မွန်-ဗမာနှစ်ဘာသာဖြင့် ကြေညာချက်ထုတ်ပြန်လိုက်သည်။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေးအတွက် တိုက်ပွဲဝင်နေသည့် မွန်ပြည်သစ်ပါတီ NMSP နှင့် မွန်ညီညွတ်ရေးပါတီ MUP သို့ သမိုင်းပေးတာဝန်အရ မွန်လူငယ်တို့ ဝင်ရောက်တာဝန်ထမ်းဆောင်ကြရန်နှင့် အသက် ၁၈ နှစ်ပြည့်သူတိုင်း စစ်ပညာသင်ကြား၍ မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်သို့ ဝင်ရောက်အမှုထမ်းရန် တိုက်တွန်းထားသည်။

အလားတူ တိုင်းရင်းသားများတို့၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးရရှိရေးအတွက် ရှန်းကန်တိုက်ပွဲဝင်ရာတွင် မျိုးဆက်သစ်ခေါင်းဆောင်များအား လက်ဆင့်ကမ်း၍ တာဝန်လွှဲအပ်ရမည်မှာ မလွဲဧကန်ဖြစ်ပါသောကြောင့် လူငယ်များအနေဖြင့် နိုင်ငံရေးနှင့် အမျိုးသားရေးတွင် ထဲထဲဝင်ဝင်ပါဝင်ပြီး လက်တွေ့နိုင်ငံရေးကို သင်ယူလေ့လာခြင်းဖြင့် ခေါင်းဆောင်မှုအရည်အချင်း ပြည့်ဝရေးအတွက် မိမိကိုယ်မိမိ ပြုစုပျိုးထောင်ကြရန် ၉ ကြိမ်မြောက်မွန်လူငယ်များနေ့သို့ မွန်ညီညွတ်ရေးပါတီ ပေးပို့သောသဝဏ်လွှာတွင် ရေးသားဖော်ပြသည်။

မူးယစ်ဆေးဝါးပြဿနာသည် မွန်တစ်မျိုးသားလုံး၏ အနာဂတ်ကိုခြိမ်းခြောက်နေသည့်အတွက် မွန်လူငယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံးအင်တိုက်အားတိုက် တိုက်ဖျက်ကြပါရန် ၎င်းထုတ်ပြန်ချက်တွင် တိုက်တွန်းထားသည်။

http://burmese.monnews.org/2020/12/28/

***************

## ၁၄။ ရှမ်းတပ်နှင့် တအန်း တပ်တို့ ခရစ္စမတ်နေ့တွင် တိုက်ပွဲဖြစ်

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

ရှမ်းပြည်နယ် မြောက်ပိုင်းကျောက်မဲမြို့နယ်တွင် ရှမ်းပြည် တပ်မတော် RCSS/SSA နှင့် တအာန်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် TNLA တို့အကြား ယနေ့ ဒီဇင်ဘာ ၂၅ ရက်တွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်အတွင်းရှိ လွယ်အံကျေးရွာအုပ်စု လွယ်အံကျေးရွာနှင့် ကောင်းခါးကျေးရွာ ကြားတွင် နှစ်ဘက်လက်နက်ကိုင် အဖွဲ့အစည်းများအကြား တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ကောင်းခါးဒေသခံတစ်ဦးက ပြော သည်။ ထို့အပြင် လက်နက်ကြီးသံများကိုလည်း ကောင်းခါးကျေးရွာကနေ ကြားနေရသည်ဟု အဆိုပါဒေသခံက ဆိုသည်။ ကောင်းခါး ကျေးရွာမှ လွယ်အံကျေးရွာသို့ ဆိုင်ကယ်ဖြင့် သွားပါက ၁၅ မိနစ်သာ ကြာသည် ဟု သိရသည်။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA ပြောရေးဆိုခွင့်ရှိသူ ဒု-ဗိုလ်မှူးကြီး စိုင်းအုပ်ခေး ကလည်း တိုက်ပွဲဖြစ် ပွားခဲ့သည်ကို အတည်ပြုသည်။ တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာရသည့် အခြေအနေများနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မသိရ သေးဟု ဒု-ဗိုလ်မှူး ကြီး စိုင်းအုပ်ခေးက ဆိုသည်။ https://www.nmg-news.com/2020/12/25/12617

****************

## ၁၅။ ကလေး မုဒိန်းလူသတ်မှု SSPP သေဒဏ်ပေး

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် သက်ငယ်မုဒိမ်း၊ လူသတ်မှုကျူးလွန်သူကို ရှမ်းပြည်တိုးတက် ရေးပါတီ(SSPP/SSA) ဗဟိုတရားရုံးမှ သေဒဏ်ချမှတ်လိုက်သည်။

ဒီဇင်ဘာလ ၉ ရက်နေ့က သီပေါမြို့နယ်၊ ဝမ်နောင်ကျေးရွာအုပ်ဟု ဝမ်နွတ်ကျေးရွာတွင် တရားခံ အိုက်စော့သည် အသက် (၆) နှစ်အရွယ် အမျိုးသမီးကလေးငယ်တစ်ဦးအား မုဒိမ်းကျင့်ပြီး ရွာအရှေ့ဘက်ရှိ လျှိုမြောင်ထဲသို့ ပစ်ချခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ သော သက်ငယ်မုဒိမ်းမှုမျိုး ယခင်က SSPP/SSA ၏ ထိန်းချုပ်နယ်မြေအတွင်း မရှိခဲ့ကြောင်း၊ ယခု ဖြစ်မှုသည် ဒေသ၏ ဥပဒေ စိုးမိုးရေးအပြင် လူ့အသိုင်းအဝိုင်းတစ်ခုလုံးအား ခြိမ်းခြောက်သည့် ဖြစ်မှုတစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဗဟိုတရား ရုံးအနေဖြင့် သေဒဏ်ချမှတ်ရခြင်းဖြစ်သည်ဟုလည်း စိုင်းအူဟိန်း က ဆက်ပြောသည်။

တရားခံ အိုက်စော့သည် အသက်မပြည့်သေးသူအား မုဒိမ်းကျင့်သည့်အတွက် သက်ငယ်မုဒိမ်းမှု၊ မုဒိမ်းပြု ကျင့်ပြီးနောက် အသက်သေစေသည်အထိ လုပ်ကြံသတ်ဖြတ်ခဲ့မှုကြောင့် လူသတ်မှု စသည့် အမှုနှစ်မှုအား ကျူးလွန်သည့်အတွက် SSPP ဗဟိုတရားရုံးမှ သေဒဏ်ချမှတ်လိုက်ခြင်း ဖြစ်သည်ဟု ဒီဇင်ဘာလ ၂၂ ရက်နေ့ က ထုတ် ပြန်ထားသည်။

https://www.nmg-news.com/2020/12/23/12607

****************

**၁၆။ ရှမ်းမြောက်ဒေသ ကချင်စစ်ရှောင်များ ခရစ္စမတ် အပြီး နေရပ်ပြန်မည်**

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကချင်စစ်ဘေးရှောင်များ ခရစ္စမတ်ပွဲ ကျင်းပပြီးနောက် နေရပ်ပြန်မည်ဟု ကချင်ဒေသ စစ်ဘေးရှောင်များအား ကူညီစောင့်ရှောက်ရေး ကော်မတီ KHCC က ပြောသည်။

ကချင်ဒေသ စစ်ဘေးရှောင်များအား ကူညီစောင့် ရှောက်ရေး ကော်မတီ KHCC အနေဖြင့် ကချင်ပြည်နယ် ရှိ စစ်ဘေးရှောင်များ နေရပ်ပြန်ရေးကို လုပ်ဆောင်သကဲ့သို့ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကချင် စစ်ဘေး ရှောင်များ နေရပ်ပြန်ရေးကိုလည်း တစ်ပြိုင်တည်း လုပ်ဆောင်သွားမည်ဟု ဥက္ကဋ္ဌ ဒေါက်တာ ခါလမ်ဆမ်ဆွမ်က ပြောသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ လားရှိုး၊ နမ္မတူ စသည့် မြို့နယ် ၅ မြို့နယ်မှ စစ် ဘေးရှောင် စခန်း ၂၀ ကျော် ရှိသည့်အနက် နမ့်ခမ်းမြို့နယ်ရှိ စစ်ရှောင် စခန်း ၅ ခုက စစ်ဘေးရှောင်များ ခရစ်မတ်ပွဲပြီးနောက် နေရပ်ပြန်မည်ဟု KHCC က ဆိုသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ စစ်ဘေးရှောင်များမှာ ၂၀၁၁ ခုနှစ်မှ စတင်ကာ တပ်မ တော်နှင့် ကချင်လွတ်လပ်ရေး တပ်မတော် KIA တို့ တစ်ကျော့ပြန် ပြန်လည်ဖြစ်ပွားလာခဲ့သည့် တိုက်ပွဲ များကြောင့် မြို့နယ်အသီးသီးမှ ပြည်သူများမှာ နီးစပ်ရာ ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ကာ စစ်ဘေး ရှောင်စခန်းတွင် စစ်ဘေးရှောင်များအဖြစ် နေထိုင်နေရသည်မှာ ယနေ့ အချိန်အထိဖြစ်သည်။ https://www.nmg-news.com/2020/12/25/12615

******************

**၁၇။ ကိုးနှစ်ကျော်ကြာမှ နေရပ်တွင် ခရစ္စမတ်ပွဲကျင်းပနိုင်သည့် ကချင် စစ်ရှောင်များ**

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၆)

စစ်ဘေးရှောင်စခန်းများသို့ ရောက်ရှိနေကြသည့် ဝိုင်းမော်မြို့နယ် ဒဘတ်ယာန် ကျေးရွာမှ ပြည်သူများ အနေဖြင့် ၎င်းတို့၏ ကျေးရွာထဲတွင် ကျေးဇူးတော်ချီး မွမ်းခြင်းနှင့် ခရစ်စမတ်ပွဲကို ကိုးနှစ်ကျော် အကြာတွင် ပထမဆုံးအကြိမ် ပြန်လည် ကျင်းပခဲ့ကြသည်။

လူငယ်အမှုတော်ဆောင် ဆရာလရီဆမ်အောင်ကလည်း စစ်ဘေးရှောင်စခန်းတွင် နေထိုင်ရသည့် ကာလ အတွင်း ခရစ်စမတ်ကို နှစ်တိုင်း ကျင်းပခဲ့ကြသော်လည်း ယခုနှစ် ခရစ်စမတ်သည် ယခင်ခရစ်စမတ်များထက် ထူးခြားမှုကို ဖြစ်စေသည်ဟု ပြောသည်။ ယခုကဲ့သို့ ၎င်းတို့နေထိုင်ရာ ကျေးရွာထဲတွင် ပြန်လည်ဝတ်ပြုခွင့်နှင့်အတူ ခရစ်စမတ်ပွဲနှင့် ကျေးဇူးတော် ချီးမွမ်းပွဲကိုပါ လုပ်ဆောင်ခွင့်ရသည့်အတွက် ဝမ်းသာကြောင်းနှင့် စစ်ဘေးရှောင်စခန်းများသို့ ရောက်ရှိနေကြသည့် သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် ပြန်လည်ဆုံစည်းခွင့်ရသည့်အတွက်လည်း ပျော်ရွှင်မှုကို ခံစားရသည်ဟု ဒဘတ်ယာန် ကျေးရွာမှ ဒေသခံများက ဆိုသည်။

ယခုလအစောပိုင်းက ဒေသအသီးသီးသို့ ရောက်ရှိနေသည့် ဒဘတ်ယာန်ကျေးရွာမှ စစ်ဘေးရှောင်များ နေရပ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်များက အိမ်ထောင်စု စာရင်းကောက်ယူခြင်း၊ မြေနေရာ စီစစ်ခြင်းများ လုပ်ဆောင်ထားသကဲ့သို့ တပ်မတော်မှလည်း အဆိုပါကျေးရွာအား မိုင်းရှင်းလင်းရေးလုပ်ငန်းများကို လုပ်ဆောင်ပေးထားသည်ဟု သိရသည်။
https://www.nmg-news.com/2020/12/26/12625

**၁၈။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်လာရန် တိုင်းရင်းသားခေါင်းဆောင်များ မျှော်လင့်**

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇)

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင်ပါဝင်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အစိုးရသစ် လက်ထက်တွင် ပိုမိုပူးပေါင်း လုပ်ဆောင်နိုင်ရန် မျှော်လင့်သည်ဟု တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအချို့က ပြောသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNLO ဦးဆောင် နာယကဗိုလ်မှူးကြီး ခွန်ဥက္ကာက ပဋိပက္ခများ လျော့နည်း လာနိုင်သည်ဟု သုံးသပ်သည်။ လက်ရှိတွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုအတွက် တပ်မတော်က ဒု-ဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင် သည့် တွေ့ဆုံဆွေးနွေးရေး ကော်မတီကို ဖွဲ့စည်းထားသကဲ့သို့ အစိုးရကလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဆက်လက်တွေ့ ဆုံ ဆွေးနွေးသွားရန်ရှိသည်ဟုဆိုသည်။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP ဒု-ဥက္ကဋ္ဌ ခူးဦးရယ်က လုပ်ငန်းစဉ်များ ပိုမိုလျင်မြန်လာရန် မျှော်လင့်ထားသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၉ ရက်နေ့က "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP ဌာနချုပ် ပန်ခမ်း (ပန်ဆန်း) တွင် ရက္ခိုင့်တပ်တော် AA နှင့် တပ်မတော်တို့အကြား တွေ့ဆုံမှုရှိခဲ့ကြသကဲ့သို့ ဒီဇင်ဘာလ ၇ ရက်နေ့ကလည်း ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ KNPP နှင့် အစိုးရတို့ အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံခဲ့ကြသည်။ တစ်ချိန်တည်းတွင် NCA အပစ်ရပ် လက်မှတ်ထိုးထားကြသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းများကလည်း အစိုးရ၊ တပ်မတော်တို့နှင့် အလွတ်သဘာ တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် အဖွဲ့ဝင် ၁၀ ဦးပါသည့် တွေ့ဆုံညှိနှိုင်းရေး အဖွဲ့ကို ဖွဲ့စည်းထားသည်။

https://www.nmg-news.com/2020/12/27/12630

***************

**၁၉။ နောင်မွန်း ဒေသခံများ အင်တာနက် ကောင်းအောင် လုပ်ပေးရန် တောင်းဆို**

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၈)

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ် ဒေသခံများက မကြာမီ ဖွဲ့စည်းတော့မည့် အစိုးရသစ်မှ ဖုန်းလိုင်းနှင့် အင်တာ နက်လိုင်းများကို ကောင်းမွန်စွာ ရရှိအောင် လုပ်ဆောင်ပေးရန် တောင်းဆိုလိုက် သည်။

နောင်မွန်းမြို့ထဲတွင် ဖုန်းလိုင်းနှင့် 2G အင်တာနက် အသုံးပြု၍ ရသော်လည်း မြို့နှင့်အနီးတစ်ဝိုက်ကျေး ရွာ များနှင့် လမ်းပန်းဆက်သွယ်ရေး ဝေးလံခေါင်ဖျားသည့် ကျေးရွာများတွင်မူ ဖုန်းလိုင်းရော အင်တာနက်ပါ လုံးဝမရရှိသည့် နေရာများစွာ ရှိနေသည်ဟု ဒေသခံများက ပြောသည်။ ကချင်ပြည်နယ်အတွင်း မြို့ ၃၀ ရှိသည့်အနက် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်ကစတင်ပြီး နောင်မွန်းမြို့မှာ 2G အင်တာနက်လိုင်းနှင့် MPT ဖုန်းလိုင်းများ ရရှိခဲ့သည်ဟု သိရသည်။ သို့သော် နောင်မွန်မြို့တွင် သုံးနေရသည့် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများမှာ အသုံးမဝင်သည့် လိုင်းများ သာဖြစ်သည်ဟု ဒေသခံများက ဆိုသည်။

နောင်မွန်းမြို့နယ်သည် ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ကောင်းမွန်စွာမရသည့်အပြင် လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲ သည့်အတွက် ကုန်ဈေးနှုန်းလည်း အလွန်ကြီးပြီး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့် စီးပွားရေးကဏ္ဍများတွင်လည်း အလွန်နောက်ကျသည်ဟု ဒေသခံများကပြောသည်။ ထိုသို့လိုင်းကောင်းမွန်စွာ မရရှိသောကြောင့် ကျန်းမာရေးကြောင့်သော် လည်းကောင်း၊ အသက်အန္တရာယ်ကြောင့်သော်လည်းကောင်း စသည့်အရေးပေါ် အခြေအနေများနှင့် ကြုံရသည့်အချိန်များတွင်

တစ်နေရာနှင့် တစ်နေရာ သတင်းအချက်အလက် ဖလှယ်ရန်ခက်ခဲသည့်အတွက် တစ်ခါတစ်ရံ လနှင့် ချီကြာပြီးမှသာ ဖြစ်ပွားခဲ့သည့် အကြောင်းအရာများကို သိရသည်ဟု ဒေသခံများက ဆိုသည်။ https://www.nmg-news.com/2020/12/29/12640

****************

## ၂၀။ ရှမ်းမြောက်ဒေသခံများ အခွန်အကောက်ဒဏ်ဝိ

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၂)

ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ္မတူမြို့နယ်အတွင်းက ကျေးရွာများတွင် လက်နက်ကိုင်အဖွဲ့အစည်းအချို့က အခွန် အကောက်များ တိုးမြှင့်ကောက်ခံနေမှုများကြောင့် ဒေသခံများ အခက်အခဲဖြစ်နေရသည်ဟု ပြောသည်။

နိုဝင်ဘာလ လကုန်ပိုင်းမှစတင်၍ ယနေ့အချိန်ထိ လက်နက်ကိုင်အဖွဲ့အချို့က အခွန်အကောက်များ ကောက်ခံနေသည်ဟု နမ္မတူမြို့နယ်၊ မန်စံကျေးရွာက အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။ တပ်၏အမည်နာမကို အသုံးပြုပြီး အောက်ခြေမှတပ်ဖွဲ့ဝင်များက စည်းမဲ့ကမ်းမဲ့ ကောက်ခံမှုများရှိပါကလည်း အရေးယူခြင်း အပြစ်ပေးခြင်းများရှိသည်ဟု ဒု-ဗိုလ်မှူးကြီးစိုင်းအုမ်ခေးက ပြောသည်။

နမ္မတူမြို့နယ်အတွင်း ဖြစ်ပွားနေသည့် အခွန်ကောက်ခံသည့်ကိစ္စရပ်များကို ဒေသအတွင်းက အာဏာပိုင်များကလည်း တစ်စုံတစ်ရာဖြေရှင်းပေးခြင်းမျိုး မရှိဟု နားကဲကျေးရွာက ဒေသခံက ဆက်ပြောသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ နမ္မတူမြို့နယ်က လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေးကို ဆက်သွယ်မေးမြန်းရာ ဒေသခံများအနေဖြင့် တစ်စုံတစ်ရာ တိုင်ကြားလာခြင်း၊ ပြောဆိုလာခြင်းမရှိဟု ဆိုသည်။ https://www.nmg-news.com/2020/12/22/12600

*****************

## ၂၁။ ရွေးကောက်ပွဲအနိုင်ရ TNP လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကန့်ကွက်လွှာတင်သွင်းခံရ

(December 29, 2020)

သျှမ်းပြည်မြောက်ပိုင်း အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၅ ) နေရာတွင် TNP မှ ဦးအိုက်မွန်းက SNLD၊ USDP နှင့် NLD စသည့် ပါတီကြီးများကို ကျော်ဖြတ်၍ အနိုင်ရရှိခဲ့သော်လည်း ဦးအိုက်မွန်းအနေဖြင့် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ ရှိခဲ့သည်ဟုဆိုကာ ပြိုင်ဘက်ပါတီတစ်ခုဖြစ်သည့် SNLD မှ ကိုယ်စားလှယ်လောင်း ဦးမော်ထွန်းအောင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းခဲ့ ကြောင်း သိရသည်။

ထိုသို့ တရားမဲ့ပြုကျင့်မှုအပြင် ရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ ၈ ရက်နေ့တစ်ရက်တည်းမှာပင် နမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်တို့ရှိ မဲရုံတချို့တွင် မဲမသမာမှု ၈ မှုဖြစ်ပွားခဲ့ပြီး ထိုအမှုများသည် ရဲအရေးပိုင် အမှုများဖြစ်သည့်အတွက် သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။ ထိုအခြေအနေများကြောင့် ပြည်သူများအနေဖြင့် မဲပေးခြင်းဆိုင်ရာ အသိပညာ၊ အသိအမြင်များအားနည်းပြီး အထူးသဖြင့် ဝေးလံခေါင်ဖျားသော ဒေသများတွင် ရွေးကောက်ပွဲဥပဒေနှင့်ပတ်သက်၍ သိရှိလိုက်နာမှုအားနည်းသွားကာ မြေပြင်တွင် ဘက်လိုက်မှုများစွာ တွေ့မြင်ခဲ့ရကြောင်း ၎င်းကသုံးသပ်ပြောကြားသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်၅၌ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း တစ်ဦးအပါအဝင် တအောင်း(ပလောင်) အမျိုးသားပါတီ (TNP)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၊ အမျိုးသားဒီမိုရေစီအဖွဲ့ချုပ် (NLD)နှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP) တို့မှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တအောင်း (ပလောင်) အမျိုးသားပါတီက မဲအများဆုံးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ https://burmese.shannews.org/archives/20060

**************

## ၂၂။ ကျိုင်းတုံစက်မှုဇုန်အတွက် မြေသိမ်းခံရမှုကို မကန့်ကွတ်ရန် ခြိမ်းခြောက်ခံရ

(December 25, 2020)

သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် နောင်ငင်းကျေးရွာ ဒေသခံပိုင်ဆိုင်သည့်မြေများကို သိမ်းဆည်းပြီး စက်မှုဇုန်တည်ဆောက်မည်ဖြစ်သဖြင့် ဒေသခံများကို မကန့်ကွတ်ရန် သက်ဆိုင်ရာအာဏာပိုင်မှ လာရောက် ခြိမ်းခြောက်ခဲ့ကြောင်းဟု စုံစမ်းသိရသည်။

ယခုလ ၁၄ရက်တွင် ကျိုင်းတုံမြိုနယ် နောင်ငင်းကျေးရွာမှ ဒေသခံများကို အုပ်ချုပ်ရေးမှူးမှ ဆင့်ခေါ်ကာ အစိုးရမှသိမ်းမည့်မြေဧက (၅၅)ဧကပေါ် စက်မှုဇုန်တည်ဆောက်မည်ဖြစ်သဖြင့် ဒေသခံများမကန့်ကွက်ရန်နှင့် ကန့်ကွက်ပါက မည်သူမဆိုပြစ်ဒဏ်ပေးသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်စကားပြောဆိုခဲ့ကြောင်း ကျိုင်းတုံမြို့ ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (SNLD) အတွင်းရေးမှူး လုံးစိုင်းကျောက်က သျှမ်းသံတော်ဆင့်ကို ပြောသည်။

လက်ရှိအစိုးရမှ သိမ်းမည့်မြေပေါ်တွင် နောင်ငင်းကျေးရွာမှ ရွာသားများသည် လယ်ယာစိုက်ပျိုးမှု ပြုလုပ်နေသေးကြောင်း၊ သို့သော် သက်ဆိုင်ရာမှလာရောက်သိမ်းကာ ဆက်လက်စိုက်ပျိုးနေကြောင်းလည်း သိရသည်။ မြေသိမ်းပြီး စက်မှုဇုန်ပြုလုပ်မည့်နေရာသည် နှစ်ရှည်သီးနှံစိုက်ပျိုးထားသည့်မြေများဖြစ်ပြီး၊ မြေပိုင်ရှင် ၂၃ဦးပိုင်ဆိုင်သည့် မြေကွက်များဖြစ်ကာ၊ သက်ဆိုင်ရာကို မြေပြန်လည်ရရှိရန် သက်ဆိုင်ရာတို့ အသနာစာတင်တောင်းဆိုထားကြောင်းဖြစ်ကြောင်း မြေသိမ်းခံရသည့်သူများက ပြောဆိုလိုက်သည်။

ကျိုင်းတုံ နောင်ငင်းကျေးရွာ ဒေသခံပိုင် မြေများကို ၁၉၉၅ ခုနှစ်တွင်လည်း တြိဂံတိုင်းစစ်ဌာနချုပ်မှသိမ်းဆည်းခဲ့ပြီး ဒေသခံများ ပြန်လည်တောင်းဆိုမှုကြောင့်၂၀၁၆ခုနှစ်တွင် ဒေသခံများကို ပြန်လည်ပေးခဲ့သည်။ သို့သော် ထိုပြန်ပေးသည့် မြေကွက်များ စာရွက်စာတမ်း ပုံစံ(၇)များကို အုပ်ချုပ်ရေးမှူးရုံးတွင် သိမ်းဆည်းထားကြောင်းသိရသည်။

https://burmese.shannews.org/archives/20051

****************

## ၂၃။ စစ်တွေမြို့ဒုံးတိုက်ကွင်း ကျူးကျော်အိမ်များ မတ်၃၁ရက်နောက်ဆုံးထား ဖြိုဖျက်ရန်အကြောင်းကြား၊ ကိုဗစ်ကာလ ပြောင်းရွှေ့ရန်အခက်အခဲရှိဟုနေထိုင်သူများဆို

(30 Dec, 2020)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဒုံးတိုက်ကွင်း သာသနာ့နယ်မြေ ဧရိယာအတွင်း ကျူးကျော်နေထိုင်သည့် နေအိမ်များကို ၃ လ အတွင်း ဖြိုဖျက်ရန် သံဃာ့အဖွဲ့အစည်းများမှ အကြောင်းကြားထားသည်ဟု သတင်းရရှိသည်။

ဒီဇင်ဘာ ၂၂ ရက်နေ့က စစ်တွေမြို့မှ တာဝန်ရှိ ဆရာတော်များက အဆိုပါ နေအိမ် ၂၇ ဆောင်တို့မှ တာဝန်ရှိသူများကို ခေါ်ကာ အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် လာမည့် ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ ၎င်းနေရာမှ ထွက်ပေးရန်အတွက် ပြောဆိုခဲ့ကြောင်း၊ ပြောင်းရွှေ့စရာ နေစရာမရှိဖြစ်နေသဖြင့် အခက်တွေ့နေကြောင်း အဆိုပါကွင်းတွင် ကျူးကျော်နေထိုင်သူ ဆိုင်ကယ်ကယ် ရီမောင်းသူ ဦးမင်းမင်းလှိုင်က နိရဥ္စရာသတင်းဌာနသို့ ပြောသည်။ ၎င်းဒုံးတိုက်ကွင်း အတွင်း ကျူးကျော်ဆောက်လုပ်ထားသည့် အိမ်ခြေ ၂၇ ဆောင်ရှိကြောင်းသိရသည်။

ကိုဗစ်ကာလအတွင်း စားဝတ်နေရေးအဆင်မပြေဘဲဖြစ်နေစဉ် ထိုကဲ့သို့ ထွက်ခွာပေးရမည်ဆို၍ စိုးရိမ်မိကြောင်း သံတွဲမြို့နယ်မှ ပြောင်းရွှေ့နေထိုင်လာသူ မလတ်လတ်ထွန်းက ပြောသည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ် စည်ပင်ဝန်ကြီး ဦးဝင်းမြင့်အား နိရဥ္စရာမှ ဆက်သွယ်ခဲ့ရာ ဖယ်ရှားခံရသူများအနေဖြင့် နေရာအခက်အခဲရှိပါက ပြည်နယ်အစိုးရဆီ တရားဝင် တင်ပြသင့်ကြောင်း ပြောကြားသည်။ ၎င်းနေအိမ် ၂၇ဆောင်ထဲမှ အချို့မှာ ၂၀၁၂ ခုနှစ်မှစ၍ လာရောက်နေထိုင်ခဲ့ကြခြင်းဖြစ်၍ ယင်းနေရာ အတွင်း နေထိုင်သည့် သက်တမ်းမှာ ၈ နှစ်ခန့် ရှိနေကြဖြစ်ကြောင်း သိရသည်။

https://burmese.narinjara.com/news/detail/5febef013f8935047dbb7994

****************

**၂၄။ ကိုးလကျော်ကြာအဆက်အသွယ်မရ ပျောက်ဆုံးနေသည့်တင်းမရွာသား ၁၈ဦးကိစ္စကို မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှစစ်ဆေးမည်**

(28 Dec, 2020)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ တင်းမကျေးရွာမှ ၉ လကျော်ကြာ မိသားစုနှင့် အဆက်အသွယ်မရ ပျောက်ဆုံးနေသည့် ကျေးရွာသား ၁၈ ဦး၏ အမှုကိစ္စအား မြောက်ဦးခရိုင် ရဲစခန်းမှ စစ်ဆေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ ထိုသို့ စစ်ဆေးမည်ဖြစ်ကြောင်းကို မြောက်ဦးခရိုင်ရဲမှူးက နိရဥ္စရာသတင်းဌာနသို့ အတည်ပြု ပြောကြားသည်။

ပျောက်ဆုံးနေသူ တင်းမကျေးရွာမှ မိသားစုဝင်များအနေဖြင့် မြောက်ဦးခရိုင်ရဲစခန်းထိ သွားရောက် စစ်ဆေးခံရမည်ဆို၍ စိုးရိမ်ကြောင့်ကြမှုများရှိနေကြောင်း ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းက ပြောသည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ ကျောက်တော်မြို့မ ရဲစခန်းမှ စခန်းမှူးအားဆက်သွယ်မေးမြန်းရန် ဆက်သွယ်ခဲ့သော်လည်း ဖုန်း လက်ခံဖြေဆိုခြင်းမရှိပါ။

ယခုနှစ် မတ်လ ၁၃ ရက်နေ့က တင်းမသစ်ကျေးရွာတွင် ရွာသား(၈)ဦး၊ မတ် ၁၆ ရက်နေ့က တင်းမကြီးရွာမှ ရွာသား (၁၀)ဦးတို့ကို စစ်သားများက သူတို့နေအိမ်များမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ယနေ့အချိန်ထိ ပျောက်ဆုံးကြောင်း မိသားစုများက ပြောကြားသည်။ ၎င်းပြင် တင်းမရွာဘုန်းကြီးကျောင်းတွင် အစောင့်အဖြစ်ကျန်နေခဲ့သူ ရွာသား (၃) ဦးလည်း ပျောက်ဆုံး နေသဖြင့် စုစုပေါင်း (၂၁) ဦးပျောက်ဆုံးနေသည်ဟု သိရသည်။

https://burmese.narinjara.com/news/detail/5fe9feeb3f8935047dbb798c

Room 8, No.60, Insein Road, Block(9), Hlaing Township, Yangon. Ph: 0943094087, 09420222050
Email: journaloffederalism@gmail.com, Website: http://www.federaljournal.org

## ၂၅။ ပလက်ဝ မြို့မှ မောင်စိုးလင်း၏အမှု တပ်ဖက်မှတရားလိုသက်သေများမရောက်၍ မစစ်ဆေးနိုင်သည်မှာ လေးကြိမ်ထိရှိ

(30 Dec, 2020)

ရက္ခိုင့်တပ်တော် (AA) နှင့် ဆက်စပ်သည်ဟု စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရသူ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ အသက် ၁၇ နှစ်အရွယ် မောင်စိုးကျော်လင်း၏အမှုကို ယမန်နေ့က ရုံးထုတ်ခဲ့သော်လည်း တပ်ဖက်မှ တရားလိုသက်သေများ မရောက်သဖြင့် မစစ်ဆေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

တရားလိုများ မရောက်၍ မစစ်ဆေးရသည်မှာ ၄ ကြိမ်ခန့်ရှိနေပြီဖြစ်ပြီး မိသားစုများအနေဖြင့် နစ်နာမှုများရှိနေကြောင်း မိခင် ဒေါ်ဒေါင်းမချေ(ခ)မကျော့နုက နိရဉ္စရာသတင်းဌာနအား ပြောသည်။ မောင်စိုးကျော်လင်း၏ ကျန်းမာရေးကြောင့် အမှုကို အလျင်အမြန်စစ်ဆေးပြီး ပြန်လွှတ်ပေးစေလိုကြောင်း ၊ အမှုကြန့်ကြာမှုမရှိစေချင်ကြောင်း မိခင်ဖြစ်သူက ဆိုသည်။ မောင်စိုးကျော်လင်းအား လာမည့် ၂၀၂၁ ဇန်နဝါရီလ ၅ ရက်နေ့တွင် ထပ်မံရုံးချိန်းခေါ်ယူထားကြောင်း ၎င်း၏ ပြောပြချက် အရသိရသည်။

မောင်စိုးကျော်လင်းအား စက်တင်ဘာလ ၂၄ ရက်နေ့တွင် ပလက်ဝမြို့အခြေစိုက်(၂၈၉)တပ်ရင်းမှ နေ၍ သူ၏ ယောက်ဖဖြစ်သူကို ကိုထွန်းလင်းကျော်(၂၉)နှစ်နှင့် အတူ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကာ အေအေတပ်ဖွဲ့ဝင် ဖြစ်သည်ဟု စွပ်စွဲချက်ဖြင့် ပလက်ဝမြို့နယ် တရားရုံးတွင် အမှုရင်ဆိုင်နေရသူဖြစ်သည်။

https://burmese.narinjara.com/news/detail/5fec19843f8935047dbb7996

****************

**မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****